MYANMAR MEITI
Extractive Industries Transparency Initiative

# ရှမ်းပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ အစီရင်ခံစာအနှစ်ချုပ်

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နှင့် (၃၁) ရက်

# ရှမ်းပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ အစီရင်ခံစာအနှစ်ချုပ်

၁။ မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transparency Initiative – EITI ) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (Sub-national Coordination Unit – SNU) ဖွဲ့စည်းနိုင်ရန်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှ ပူးပေါင်းပါဝင်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်စွဲပါ၊ စာအမှတ်၊ ၅/ ၂/ ၁ (၃၂၉၅/ ၂၀၁၇) အား ထုတ်ပြန်ခဲ့သည်။

၂။ အဆိုပါအမိန့်ကြော်ငြာစာအရ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နှင့် (၃၁) ရက်များ၌ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား မိတ်ဆက်တင်ပြခြင်း နှင့် ရှမ်းပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲများအား ကျင်းပခဲ့သည်။

၃။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်၌ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အစိုးရအဖွဲ့ရုံး တွင် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား မိတ်ဆက်တင်ပြခြင်းအခမ်းအနားအား ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုယ်စားပြု ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများကိုယ်စားပြု ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိုအခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းတို့မှ အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက EITI အကြောင်း မိတ်ဆက်တင်ပြခြင်း၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုလုပ်ငန်းစဉ်အား မိတ်ဆက်တင်ပြခြင်းနှင့် မြန်မာနိုင်ငံ EITI အကောင်အထည်ဖော်ဆောင်မှုများအား အကျဉ်းချုပ်ရှင်းလင်းတင်ပြခဲ့ကြသည်။

၄။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်၌ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ရှိုင်ရယ်တောင်ကြီးဟိုတယ်တွင် ရှမ်းပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပခဲ့သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက မြန်မာနိုင်ငံ EITI အကောင်အထည်ဖော်ဆောင်မှုများ၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုလုပ်ငန်းစဉ်အား မိတ်ဆက်တင်ပြခြင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်

အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ လုပ်ငန်းလမ်းညွှန် (ToR) အားအကျဉ်းချုပ် ရှင်းလင်းတင်ပြခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များက ကဏ္ဍအလိုက်တာဝန်နှင့်ဝတ္တရားများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

၅။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲ၌ အောက်ပါအစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

| စဉ် | ဆုံးဖြတ်ချက်များ |
|---|---|
| (၁) | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအား နာယကအဖြစ်တာဝန်ပေးအပ်ခြင်းကို အတည်ပြုသည်။ |
| (၂) | အတွင်းရေးမှူးအဖွဲ့အား အဖွဲ့ဝင် (၃) ဦးဖြင့်ဖွဲ့စည်းပြီးခြင်းကို အတည်ပြုသည်။ |
| (၃) | အစိုးရကိုယ်စားလှယ်အဖွဲ့အား အဖွဲ့ဝင် (၁၃) ဦးဖြင့်ဖွဲ့စည်းပြီးခြင်းကို အတည်ပြုသည်။ |
| (၄) | အရပ်ဘက်ကိုယ်စားလှယ်အဖွဲ့အား အဖွဲ့ဝင် (၅) ဦး၊ အရန်ကိုယ်စားလှယ် (၃) ဦးဖြင့် ဖွဲ့စည်းပြီးခြင်း ကို အတည်ပြုသည်။ |
| (၅) | ပုဂ္ဂလိကကိုယ်စားလှယ်အဖွဲ့အား အဖွဲ့ဝင် (၅) ဦး၊ အရန်ကိုယ်စားလှယ် (၈) ဦးဖြင့် ဖွဲ့စည်းပြီးခြင်းကို အတည်ပြုသည်။ |
| (၆) | လွှတ်တော်ကိုယ်စားလှယ် (၉) ဦးအား ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) ဖွဲ့စည်းရာတွင် အလေးထားတိုင်ပင်ရန်နှင့် အဆိုပါအဖွဲ့၏လုပ်ငန်းများအား စောင့်ကြည့်ထိန်းကြောင်းရန် သဘောတူ သည်။ |
| (၇) | နာယက၏ လုပ်ငန်းတာဝန် (၃) ရပ်နှင့် အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းတာဝန် (၄) ရပ်တို့အား အတည်ပြုသည်။ |
| (၈) | ရှမ်းပြည်နယ် SNU ၏ လုပ်ငန်းတာဝန်များအား အစည်းအဝေးထပ်မံခေါ်ယူကာ သတ်မှတ်သွားရန် သဘောတူသည်။ |
| (၉) | ရှမ်းပြည်နယ် SNU ၏ အမည်အား တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့တစ်ခုချင်းစီမှသော် လည်းကောင်း ကိုယ်စားပြု၍ဆောင်ရွက်ခြင်းမပြုရန်နှင့် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် သဘောတူသည်။ |

| | |
|---|---|
| (၁၀) | ရှမ်းပြည်နယ် SNU အစည်းအဝေးပြုလုပ်သည့်အခါတိုင်း လွှတ်တော် ကိုယ်စားလှယ် (၉) ဦးအား ဖိတ်ကြားရန် သဘောတူသည်။ |
| (၁၁) | • အစည်းအဝေးများကျင်းပရာတွင် အတွင်းရေးမှူးအဖွဲ့မှ အဆိုပြုအစည်းအဝေး ကျင်းပမည့် ရက်အား နာယကထံသို့ တစ်ပတ်ကြိုတင်အကြောင်းကြားကာ ညှိနှိုင်းရန်နှင့် နာယကနှင့်အတူ အတွင်းရေးမှူးအဖွဲ့က အဆိုပြုအစည်းအဝေးအစီအစဉ်များအား ညှိနှိုင်းရေးဆွဲရန် သဘောတူသည်။<br>• အစည်းအဝေးကျင်းပမည့်ရက် သတ်မှတ်ပြီးပါက မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ အကြောင်းကြားရန် သဘောတူသည်။ |
| (၁၂) | ရှမ်းပြည်နယ် SNU ၏ နောက်တစ်ကြိမ်အစည်းအဝေးအား တောင်ကြီးမြို့တွင်ကျင်းပရန် သဘောတူသည်။ |
| (၁၃) | ရှမ်းပြည်နယ် SNU ၏ နောက်တစ်ကြိမ်အစည်းအဝေးအား နိုဝင်ဘာလ (၁၂ - ၁၆) ရက်ကြားတွင် ကျင်းပရန် သဘောတူသည်။ |

**မှတ်တမ်းတင်ခြင်း**

(က) MEITI လုပ်ငန်းစဉ်များရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးခြင်းများအား မှတ်တမ်းတင်သည်။
(ခ) လက်လုပ်လက်စားကိုယ်စားလှယ်များအား ရှမ်းပြည်နယ် SNU တွင်ထည့်သွင်း ရေးကိစ္စအား ဆွေးနွေးကြောင်းမှတ်တမ်းတင်သည်။
(ဂ) ပုဂ္ဂလိကအရန်ကိုယ်စားလှယ် (၈) ဦး၌ ကျောက်မျက်ကဏ္ဍကိုယ်စားလှယ်တစ်ဦး အမည်စာရင်းအား သတ္တုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဟန်မှ ပေးပို့သွားမည်ဖြစ်ကြောင်း မှတ်တမ်းတင်သည်။

၆။ ရှမ်းပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာညီညီအောင် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ | နာယက |
| အတွင်းရေးမှူး (၃) ဦး | | | |

| | | | |
|---|---|---|---|
| (၂) | ဦးစိုးစိုးဇော် | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (အတွင်းရေးမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့) (အစိုးရကဏ္ဍ) | အတွင်းရေးမှူး |
| ၃) | ဒေါ်မီမီသိန်း | ပြည်နယ်ဦးဆောင်ကော်မတီဝင် (MATA) ၊ ကျိုင်းတုံ မြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း (အရပ်ဘက်အဖွဲ့ အစည်းကဏ္ဍ) | အတွင်းရေးမှူး |
| ၄) | ဦးတင်နွယ် | ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း သတ္တုလုပ်ငန်း ရှင်များအသင်း (ပုဂ္ဂလိကကဏ္ဍ) | အတွင်းရေးမှူး |
| အစိုးရကဏ္ဍမှကိုယ်စားလှယ်များ | | | |
| (၁) | | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (အတွင်းရေးမှူး၊ရှမ်းပြည်နယ် အစိုးရအဖွဲ့) | အတွင်းရေးမှူး |
| (၂) | | ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့်စာရင်းအင်းဦးစီးဌာန၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၃) | | ညွှန်ကြားရေးမှူး၊ ပြည်နယ်သစ်တောဦးစီးဌာန၊ ရှမ်း ပြည်နယ် | အဖွဲ့ဝင် |
| (၄) | | ညွှန်ကြားရေးမှူး၊ ပြည်နယ်သတ္တုတွင်းဦးစီးဌာန၊ ရှမ်း ပြည်နယ် | အဖွဲ့ဝင် |
| (၅) | | ညွှန်ကြားရေးမှူး၊ ပြည်နယ်စီမံကိန်းဦးစီးဌာန၊ ရှမ်း ပြည်နယ် | အဖွဲ့ဝင် |
| (၆) | | ညွှန်ကြားရေးမှူး၊ ပြည်နယ်ပြည်တွင်းအခွန်များဦးစီး ဌာန၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၇) | | ညွှန်ကြားရေးမှူး၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၈) | | ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ် ဘူမိဗေဒလေ့လာ ရေးနှင့်ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၉) | | တာဝန်ခံအရာရှိ၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ ရှမ်း ပြည်နယ် | အဖွဲ့ဝင် |
| (၁၀) | | တာဝန်ခံအရာရှိ၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ ရှမ်း ပြည်နယ် | အဖွဲ့ဝင် |
| (၁၁) | | ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၁၂) | | ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ လားရှိုးမြို့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၁၃) | | ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်အရှေ့တောင်ပိုင်း၊ ရှမ်း ပြည်နယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | | | |
| (၁) | ဒေါ်မီမီသိန်း | ပြည်နယ်ဦးဆောင်ကော်မတီဝင် (MATA) ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ် | အတွင်းရေးမှူး |
| (၂) | ဦးမျိုးအောင် (ခ) ဦးဖိုးဇော် | ပြည်နယ်ဦးဆောင်ကော်မတီဝင် (MATA) ၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၃) | ဦးတင်မင်းမောင် | ပြည်နယ်ဦးဆောင်ကော်မတီဝင် (MATA) ၊ ဟိုပန်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၄) | ဦးဇော်ထွန်း | ပြည်နယ်ဦးဆောင်ကော်မတီဝင် (MATA) ၊ ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၅) | ဦးမျိုးဆွေ | ပြည်နယ်ဦးဆောင်ကော်မတီဝင် (MATA) ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ | | | |
| (၁) | ဦးတင်နွယ် | ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်း (ပုဂ္ဂလိကကဏ္ဍ) | အတွင်းရေးမှူး |
| (၂) | ဦးဆမ်မရား | ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်မြောက်ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၃) | ဦးအောင် | ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တောင်ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၄) | ဦးရဲထွန်း | ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်မြောက်ပိုင်းသစ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၅) | ဦးသန်းငွေ | ရှမ်းပြည်နယ်တောင်ပိုင်းသစ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| လွှတ်တော်ကိုယ်စားလှယ်များ | | | |
| (၁) | ဦးခိုင်ညီညီကျော် | ရပ်စောက်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (ဥက္ကဋ္ဌ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်လျှပ်စစ်ရေးရာကော်မတီ) | အလေးထားတိုင်ပင်ရန်နှင့် စောင့်ကြည့်ထိန်းကျောင်းရန် |
| (၂) | ဦးစိုင်းလင်းမြတ် | မိုင်းရှူးမဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (အတွင်းရေးမှူး၊ သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်လျှပ်စစ်ရေးရာကော်မတီ) | အလေးထားတိုင်ပင်ရန်နှင့် စောင့်ကြည့်ထိန်းကျောင်းရန် |
| (၃) | ဦးခင်မောင်တင့် | တာချီလိတ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ) | အလေးထားတိုင်ပင်ရန်နှင့် စောင့်ကြည့်ထိန်းကျောင်းရန် |

| | | | |
|---|---|---|---|
| (၄) | ဦးအားမဲ | မိုင်းခတ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (အဖွဲ့ဝင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်လျှပ်စစ်ရေးရာ ကော်မတီ) | အလေးထားတိုင်ပင်ရန်နှင့် စောင့်ကြည့်ထိန်းကျောင်းရန် |
| (၅) | ဦးဒါဝိဒ် | မိုင်းဆက်မဲဆန္ဒနယ် အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ (အဖွဲ့ဝင်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ) | အလေးထားတိုင်ပင်ရန်နှင့် စောင့်ကြည့်ထိန်းကျောင်းရန် |
| (၆) | ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကို | တပ်မတော်သားကိုယ်စားလှယ်၊ (အဖွဲ့ဝင်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ) | အလေးထားတိုင်ပင်ရန်နှင့် စောင့်ကြည့်ထိန်းကျောင်းရန် |
| (၇) | ဦးစိုင်းလှဝင်း | မိုင်းပျဉ်းမဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (အဖွဲ့ဝင်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ) | အလေးထားတိုင်ပင်ရန်နှင့် စောင့်ကြည့်ထိန်းကျောင်းရန် |
| (၈) | ဦးတင်လှိုင် | နမ္မတူမဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (အဖွဲ့ဝင်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ) | အလေးထားတိုင်ပင်ရန်နှင့် စောင့်ကြည့်ထိန်းကျောင်းရန် |
| (၉) | ဒေါ်နန်းစမ်းစမ်းအေး | သီပေါမဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (အတွင်းရေးမှူး၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ) | အလေးထားတိုင်ပင်ရန်နှင့် စောင့်ကြည့်ထိန်းကျောင်းရန် |
| အရပ်ဘက်အဖွဲ့အစည်းများမှ အရန်ကိုယ်စားလှယ်များ | | | |
| (၁) | ဦးအောင်မြင့်ထွန်း | ပြည်နယ်အလုပ်အဖွဲ့ဝင် (MATA) ၊ ကလော မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း | အရန်ကိုယ်စားလှယ် |
| (၂) | ဦးစိုင်းသန်းဝင်း (ခ) ဦးစိုင်းထူး | ပြည်နယ်အလုပ်အဖွဲ့ဝင် (MATA) ၊ ပင်လောင်း မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း | အရန်ကိုယ်စားလှယ် |
| (၃) | ဦးကျော်ဝေ | ပြည်နယ်အလုပ်အဖွဲ့ဝင် (MATA) ၊ ကျောက်မဲ မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း | အရန်ကိုယ်စားလှယ် |
| ပုဂ္ဂလိကကဏ္ဍမှ အရန်ကိုယ်စားလှယ်များ | | | |
| (၁) | ဦးအောင်ခင် | ရှမ်းပြည်နယ်အရှေ့ပိုင်းသတ္တုလုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ် |
| (၂) | ဦးစိုင်းစံညွန့် | ရှမ်းပြည်နယ်မြောက်ပိုင်းသတ္တုလုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ် |
| (၃) | ဦးစိုင်းအုန်းခေါင် | ရှမ်းပြည်နယ်တောင်ပိုင်းသတ္တုလုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ် |

| | | | |
|---|---|---|---|
| (၄) | ဦးသိန်းဌေး | ရှမ်းပြည်နယ်အရှေ့ပိုင်းသစ်လုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ် |
| (၅) | ဦးဘိုနီ | ရှမ်းပြည်နယ်မြောက်ပိုင်းသစ်လုပ်ငန်းရှင်များ အသင်း | အရန်ကိုယ်စားလှယ် |
| (၆) | ဦးဟန်ထွန်းဦး | ရှမ်းပြည်နယ်တောင်ပိုင်းသစ်လုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ် |
| (၇) | ဦးထွန်းလင်းရှင် | ဥက္ကဋ္ဌ၊ နိုင်ငံခြားရင်းနှီးမြှပ်နှံမှုလုပ်ငန်းရှင်များအသင်း (IMDA) | အရန်ကိုယ်စားလှယ် |
| (၈) | ကိုယ်စားလှယ်တစ်ဦး | ရှမ်းပြည်နယ်ကျောက်မျက်လုပ်ငန်းရှင် | အရန်ကိုယ်စားလှယ် |

**ပူးတွဲတင်ပြချက်**

နောက်ဆက်တွဲ (က) - အစည်းအဝေးအစီအစဉ်

နောက်ဆက်တွဲ (ခ) - တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များ၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ (မူကြမ်း)

# နောက်ဆက်တွဲ (က)

## မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) လုပ်ငန်းစဉ်အား မိတ်ဆက်တင်ပြခြင်းနှင့် တိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) ဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲ အဆိုပြု အစီအစဉ်

၃၀-၁၀-၁၈ (အင်္ဂါနေ့) (ပထမနေ့)

| အချိန် | အကြောင်းအရာ | ဆွေးနွေးမည့်သူ |
|---|---|---|
| ၁၅း၀၀ - ၁၅း၁၀ | ရှမ်းပြည်နယ် ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း | |
| ၁၅း၁၀ - ၁၅း၂၀ | ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြား ခြင်း | |
| ၁၅း၂၀ - ၁၅း၃၀ | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးက အမှာအစကားပြောကြားခြင်း | |
| ၁၅း၃၀ - ၁၅း၄၀ | တက်ရောက်လာသူများ မိတ်ဆက်ခြင်း | |
| ၁၅း၄၀ - ၁၆း၁၅ | EITI အကြောင်း မိတ်ဆက်တင်ပြခြင်း | |
| ၁၆း၁၅ - ၁၆း၃၅ | အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုလုပ်ငန်းစဉ်အားမိတ်ဆက်တင်ပြခြင်း | |
| ၁၆း၃၅ - ၁၆း၅၅ | စုပေါင်းဓါတ်ပုံမှတ်တမ်းတင်ခြင်းနှင့် ခေတ္တရပ်နားခြင်း | |
| ၁၆း၅၅ - ၁၇း၃၀ | မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုအား ရှင်းလင်းတင်ပြခြင်းနှင့် မရှင်းလင်းသည်များအား မေးမြန်းဆွေးနွေးခြင်း | |

၃၁-၁၀-၁၈ (ဗုဒ္ဓဟူးနေ့) (ဒုတိယနေ့)

| အချိန် | အကြောင်းအရာ | ဆွေးနွေးမည့်သူ |
|---|---|---|
| ၀၉း၀၀ - ၀၉း၁၀ | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးက အမှာအစကားပြောကြားခြင်းနှင့် အစီအစဉ်အားမိတ်ဆက်တင်ပြခြင်း | |
| ၀၉း၁၀ - ၁၀း၃၀ | မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုအား ရှင်းလင်းတင်ပြခြင်းနှင့် မရှင်းလင်းသည်များအား မေးမြန်းဆွေးနွေးခြင်း | |
| ၁၀း၃၀ - ၁၀း၅၀ | အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုလုပ်ငန်းစဉ်အားမိတ်ဆက်တင်ပြခြင်း | |
| ၁၀း၅၀ - ၁၁း၀၅ | ခေတ္တရပ်နားခြင်း | |
| ၁၁း၀၅ - ၁၂း၀၀ | တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (ToR) အားရှင်းလင်းတင်ပြခြင်း<br>ကဏ္ဍအလိုက်ပါဝင်သူများ (အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်အဖွဲ့အစည်းများ) ၏ တာဝန်နှင့်ဝတ္တရားများအား ရှင်းလင်းတင်ပြခြင်း | |
| ၁၂း၀၀ - ၁၃း၀၀ | နေ့လည်စာ သုံးဆောင်ခြင်း | |
| ၁၃း၀၀ - ၁၄း၃၀ | ရှမ်းပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကဏ္ဍအလိုက်ပါဝင်မည့်သူများအား အဆိုပြုခြင်းနှင့် ဖွဲ့စည်းခြင်း | |
| ၁၄း၃၀ - ၁၄း၅၀ | ခေတ္တရပ်နားခြင်း | |
| ၁၄း၅၀ - ၁၅း၅၀ | ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခြင်း | |
| ၁၅း၅၀ - ၁၆း၀၀ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခြင်း | |

## နောက်ဆက်တွဲ (ခ)

မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး

သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့ (MEITI – MSG)

ပြည်နယ်/တိုင်းဒေသကြီး အဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub – national Coordination Group)များ၏ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ (မူကြမ်း)

၁။ နိဒါန်း

မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MEITI–MSG)၏ အစည်းအဝေး ဆုံးဖြတ်ချက်အရပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များကိုပြည်နယ်နှင့်တိုင်းသီးသီးတွင်ဖွဲ့စည်းရန် သဘောတူညီခဲ့ကြပြီး လုပ်ငန်းစဉ်များအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ပြည်နယ်နှင့်တိုင်း ဒေသကြီး အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub – national Coordination Group) များ၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရေးဆွဲပြဌာန်းပါသည်။

၁.၁။ မျှော်မှန်းချက်

သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအတွင်း သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှု လုပ်ငန်းများ တွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေရှည်တည်တံ့သော လူမှုစီးပွားဖွံ့ဖြိုးမှုကို ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှု အနည်းဆုံးဖြင့် သက်ဆိုင်သူများအားလုံးအတူပူးပေါင်းလုပ်ဆောင်ရန်။

၂။ ရည်ရွယ်ချက်များ

(က) EITI ဆိုင်ရာ အမြင်ဖွင့်ခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်မှုသတင်းများ အကောင်အထည်ဖော်ရာတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပံ့ပိုးကူညီပေးနိုင်ရန်။

(ခ) သုံးပွင့်ဆိုင်အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြင့်တင်ရန်။

(ဂ) ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်တွေ့ကြုံရမည့် အငြင်းပွားမှု များနှင့် အခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများအတူဖော်ထုတ်ဖြေရှင်းခြင်းနှင့် မဖြစ်အောင်ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းများအတူလက်တွဲလုပ်ဆောင်ရန်။

(ဃ) ပြည်ထောင်စုအဆင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ ကျင့်ဝတ်များနှင့် လုပ်ထုံးလုပ်နည်းများကို လေးစား လိုက်နာလုပ်ဆောင်ရန်။

(င) ပြည်နယ်/ တိုင်းဒေသကြီးအတွင်း သယံဇာတတူးဖော်ထုတ်လုပ်နေသည့်လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ကုမ္ပဏီများအား ပွင့်လင်းမြင်သာမှု ရှိအောင် တွန်းအားပေးရန်။

၃။ လိုက်နာရမည့် အခြေခံမူဝါဒ

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ တွင်းထွက် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ ၏

-၂-

တာဝန်နှင့် ဝတ္တရားသတ်မှတ်ချက် အပိုဒ် (၄)ပါ အခြေခံမူများကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ ၄င်းအဖွဲ့များက ဆွေးနွေးသဘောတူညီထားသော လုပ်ငန်းစဉ်များမှ ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ဆက်စပ် အကြောင်းအရာကို တာဝန်ယူညှိနှိုင်း ဖြေရှင်းရမည့်ဖြစ်ပြီး လုပ်ငန်းစဉ်များနှင့်ဆက်စပ်မှု မရှိသော၊ အဖွဲ့အတွင်း ဆွေးနွေးသဘော တူညီထားသော လုပ်ငန်းစဉ်များမှ သွေဖီသော အကြောင်းအရာများဖြစ်ပေါ်လာမည်ဆိုပါက သက်ဆိုင်ရာ ကိုယ်စားပြုအဖွဲ့(သို့မဟုတ်) လူပုဂ္ဂိုလ် တာဝန်ယူဖြေရှင်းရမည် ဖြစ်ပါသည်။ ၄င်းအပြင် ဆွေးနွေးသဘော တူညီထားသော လုပ်ငန်းစဉ်များ ကို အကောင်အထည်ဖော်ဆောင်ရာတွင်လည်း ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ နာယက (ဝန်ကြီး) Sub-Coordination Unit သို့ ကြိုတင် အသိပေးဆောင်ရွက် သွားရမည်ဖြစ်ပါသည်။

၄။ ဖွဲ့စည်းပုံ

၄.၁။ နာယက

သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ဝန်ကြီးချုပ်က တာဝန်ပေးအပ်သော EITI လုပ်ငန်းစဉ်နှင့် သက်ဆိုင် သည့်ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏နာယကဖြစ်ပြီး ၄င်းအဖွဲ့များ၏ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ကူညီ ဆောင်ရွက်ပေးရမည်။

၄.၂။ အစိုးရကိုယ်စားလှယ်များ

ဖွဲ့.စည်းပုံတွင်သက်ဆိုင်ရာဒေသရှိ အောက်ဖော်ပြပါဝန်ကြီးဌာနများမှကိုယ်စားလှယ်တစ်ဦးစီပါဝင်ဖွဲ့စည်းမည် ဖြစ်ပါသည် -

(က) ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန နှင့် သစ်တောဦးစီးဌာန ၊ သတ္တုတွင်းဦးစီးဌာန )

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)

၄.၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ

သဘာဝပတ်ဝန်းကျင်နှင့် EITI လုပ်ငန်းစဉ်ကို စိတ်ပါဝင်စား၍၄င်းလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဒေသတွင်း အရပ်ဘက်လူမှု အဖွဲ့အစည်းဖြစ်သည့် MATA မှ သဘောတူရွေးချယ်ထားသည့် ကိုယ်စားလှယ် ၅ ဦးတို့ပါဝင်ပါမည်။

၄.၄။ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များ

EITI ဖြစ်စဉ်သည် တာဝန်ခံမှုအရေးကြီးသောကြောင့် သက်ဆိုင်ရာဒေသအတွင်း EITI လုပ်ငန်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းဝေးများမှ သဘောတူရွေးချယ်ထားသည့် မြန်မာနိုင်ငံသတ္တုတွင်း လုပ်ငန်းရှင်များအသင်းချုပ်၊မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၊သစ်လုပ်ငန်းရှင်များအသင်း

-၃-

၊ MFPTMA ၊ ရေနံနှင့်သ ဘာဝဓါတ်ငွေ့ရောင်းဝယ်သူ လုပ်ငန်းရှင်များ စသည့်ဖြင့် စုစုပေါင်းကိုယ်စားလှယ် ၅ ဦးတို့ ပါဝင်ပါမည်။

၄.၅။ အတွင်းရေးမှူးအဖွဲ့

သက်ဆိုင်ရာအစုအဖွဲ့တစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးပါဝင်သော အတွင်းရေးမှူးအဖွဲ့ ခန့်အပ်ထားမည်။

၅။ အဓိကလုပ်ငန်းစဉ် (၄) ရပ်

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များအနေဖြင့် အောက်ဖော်ပြပါ အဓိကလုပ်ငန်းစဉ် (၄)ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။ (Coordination)

- အဖွဲ့များ၏ ဖွဲ့စည်းပုံ၊ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ လုပ်ငန်းအစီအစဉ်များ (Work plan) ကို ပါဝင်သော ကိုယ်စားလှယ်၊ အဖွဲ့ပဝင်များ၏ သဘောတူညီချက်ဖြင့် လုပ်ဆောင်ရမည်။

- အဖွဲ့များ၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် MEITI ညှိနှိုင်းဖော်ဆောင်ရေး အတွင်းရေးမှူးရုံးနှင့် MEITI – MSG နှင့် အတူတကွ ညှိနှိုင်းလုပ်ဆောင်ရမည်။

-၎င်းအဖွဲ့၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် သုံးပွင့်ဆိုင် အဖွဲ့ဝင်များနှင့် အတူ လက်တွဲ လုပ်ဆောင်ရမည်။

(ခ) လုပ်ငန်းစီမံခန့်ခွဲမှု (Task Management)

- အစည်းအဝေး (လစဉ်ပုံမှန်အစည်းအဝေး) ပြုလုပ်ခြင်း။

- အစည်းအဝေးကျင်းပခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီလက်တွေ့ အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

- အစည်းဝေးကို အနည်းဆုံးတစ်ပတ်ကြိုတင်၍ အတွင်းရေးမှူးအဖွဲ့မှတစ်ဆင့် ဖိတ်ကြားရမည်။

-အစည်းဝေးအစီအစဉ်မူကြမ်းအား အတွင်းရေးမှူးအဖွဲ့မှ အဆိုပြုတင်သွင်းပြီး တက်ရောက်သူ များနှင့် အစည်းအဝေးမတိုင်မီ အတည်ပြုချက်ရယူရမည်။

-အစည်းအဝေးမှတ်တမ်းမူကြမ်းအား (၁)ရက်အတွင်းထုတ်ဝေပြီး တက်ရောက်လာသူများမှ (၃)ရက်အတွင်း အကြံပြုချက်များရယူရမည် ။

-အစည်းအဝေးကို ကိုယ်စားလှယ်များအားလုံး အဆင်ပြေတက်ရောက်နိုင်မည့် သဘောတူသည့် နေရာတွင် ကျင်းပရမည်။

-လိုအပ်လျှင် လိုအပ်သလို အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပနိုင်သလို ကွင်းဆင်းလေ့လာခြင်းများ ကိုလည်းပြုလုပ်နိုင်ရမည်။

-သုံးပုံနှစ်ပုံ(အစုအဖွဲ့တစ်ခုချင်းစီအလိုက်ကိုယ်စားလှယ်တစ်ဝက်ကျော်)သောကိုယ်စား လှယ်များတက်ရောက်ပါ ကအစည်းအဝေး ထမြောက်သည်။

-အစည်းအဝေးကျင်းပရာတွင် MEITI - MSG ၏ TOR နှင့်အညီ လုပ်ဆောင်ရမည်။

-အစည်းအဝေးဆုံးဖြတ်ချက်များချမှတ်ရာတွင် ပုံမှန်အားဖြင့် ဆုံးဖြတ်ချက်အားလုံးကို တက်ရောက်သူ ကိုယ်စားလှယ်တိုင်း၏ သဘောတူညီမှုဖြင့် ချမှတ်ဆောင်ရွက်ရမည်။ (တက်ရောက်သောကိုယ်စားလှယ်မှသဘောမတူညီသောဆုံးဖြတ်ချက်များကိုသာ တက်ရောက်လာသောကိုယ်စားလှယ်များ အားလုံးမှသဘောတူညီသည့်အထိ ညှိနှိုင်းဆောင်ရွက်ရန်။)

-အစည်းဝေးမှတ်တမ်းပြုစုရေးသားခြင်းကိုအတွင်းရေးမှူးအဖွဲ့မှတာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပြီး ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ပုံမှန် ထုတ်ပြန်ရမည်ဖြစ်သည်။

-အသုံးစရိတ်ပါထည့်သွင်းတွက်ချက်ထားသောလုပ်ငန်းအစီအစဉ်တစ်ရပ်(Work plan) ကိုရေးဆွဲရမည်ဖြစ်ပါသည်။

-ဤအဖွဲ့၏လုပ်ငန်းအစီအစဉ်များကိုအချိန်နှင့်တစ်ပြေးညီအကောင်အထည် ဖော်နိုင်ရေး အတွက်ပါဝင်ကြီးကြပ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဒေသများရှိ စီမံကိန်းများသို့လိုအပ်လျှင်လိုအပ်သလို EITI စံသတ်မှတ်ချက်များနှင့် အညီ လိုအပ်သော သတင်းအချက်အလက်များကို ကောက်ခံခြင်း၊ ကွင်းဆင်းစောင့်ကြည့် အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

-ဤအဖွဲ့၏ လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေ ရှာဖွေခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲမှုများကို တာဝန်ခံကြီး ကြပ်ဆောင်ရွက် ရမည်။

(ဂ) စွမ်းဆောင်ရည်မြှင့်တင်ခြင်း။ (Capacity Building)

-ဤအဖွဲ့သည် ပြည်ထောင်စုအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် ညှိနှိုင်းချိတ်ဆက်၍ EITI ဆိုင်ရာ အမြင်ဖွင့်ခြင်း၊ စွမ်းရည်မြှင့်တင်မှုနှင့် အရည်အသွေးမြင့်မားရေးအတွက် လုပ်ဆောင်ချက်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအ တွက် ဦးစားပေး၍ စဉ်ဆက်မပြတ် ပုံမှန်လက်တွေ့အကောင်အထည်ဖော် ဆောင်ရမည်။

-သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ၊

သက်ဆိုင်ရာဒေသတွင်းရှိ ပြည်သူများ

-လိုအပ်သော အမြင်ဖွင့်မှုနှင့် စွမ်းရည်မြင့်မားမှုဆိုင်ရာ သတင်းအချက်အလက် စာစောင်များကိုလည်း ထုတ်ဝေဖြန့်ချီ ရမည်။

-၅-

(ဃ) ကွန်ယက်ချိတ်ဆက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။ (Networking and Communication)

-ဤအဖွဲ့သည် လိုအပ်သော EITI ဆိုင်ရာသတင်းအချက်အလက်များကို ပုံမှန်အစဉ်ဆက်မပြတ် စုဆောင်းမှတ်တမ်းတင်ခြင်း၊ပြည်သူလူထု၏သဘောထားအမြင်များကိုစုဆောင်းခြင်း၊ ပြန်ကြားခြင်းနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခြင်းများကိုလက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ရမည်။


-EITIဆိုင်ရာသတင်းအချက်အလက်များကို ကျယ်ပြန့်စွာ ရရှိစေနိုင်မည့် ဆက်သွယ်ရေးမဟာဗျူဟာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်သွယ်တည်ဆောက်ရာ တွင် ပံ့ပိုးပေးရမည်။

-လစဉ်ပုံမှန်အစည်းအဝေးမှတ်တမ်းနှင့် နှစ်စဉ်လုပ်ငန်းအစီရင်ခံစာကို နာယကနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေး အတွင်းရေးမှူးရုံးသို့ အပြန်အလှန် ပေးပို့ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရမည်။

-ဤအကောင်အထည်ဖော်လုပ်ဆောင်မှုများကို EITI ၂၀၁၆ စံနှုန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ဆောင်ရမည် ဖြစ်သည်။

-၆-

Structure of Sub-national coordination Unit




No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township, Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org